# ဖားရွှေကျော် ကျေးရွာ

# သာယာဝတီမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖားရွှေကျော် ကျေးရွာ၊ သာယာဝတီမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ဖားရွှေကျော်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ သာယာဝတီမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ** ၁၈

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ** ၂၀

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၇

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ** ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၆
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉
ဇယား ၄၅ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်
**ကိုးကားစာရင်း** ၇၃
**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖားရွှေကျော် ကျေးရွာ
သာယာဝတီမြို့နယ်

ဖားရွှေကျော်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ သာယာဝတီမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသေပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောငင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

# ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရန်ကုန်ပြည်ကားလမ်းမှ သာယာဝတီမြို့အလွန်တွင် အရှေ့ဘက်သို့ ခွဲထွက်သွားသည့် ကတ္တရာလမ်းပေါ်တွင် တည်ရှိသည်။ သာယာဝတီမြို့၏ အရှေ့ဘက် (၁၁)ကီလိုမီတာခန့်

အကွာတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ သာယာဝတီမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ ၈၀ မှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက် အကူပြုသည်။

ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်၊ ကျေးရွာအနီးတွင် တောတောင် မြစ်ချောင်းများမရှိပဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ပဲစိုက်ပျိုးထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်း ရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။ ၂၀၁၅ ခု ဩဂုတ်လက သာယာဝတီမြို့ အနောက်ခြမ်းရှိ အနိမ့်ပိုင်းမှ ကျေးရွာအချို့တွင် ရေကြီးရေလွှမ်းဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ ခံစားခဲ့ရသော်လည်း ဤကျေးရွာမှာကင်းလွတ်ခဲ့သည်။ သို့သော်ငြားလည်း ရေကြီးရေလွှမ်းမိုးမှုအန္တရာယ်ကို ထည့်သွင်းစဉ်းစားထားရပါသည်။

### (ခ) သဘာဝအရင်းအမြစ်

သာယာဝတီမြို့နယ်သည် မြေပြန့်ဒေသဖြစ်ပြီး စိုက်ပျိုးရေးအခြေခံဖြင့် သက်မွေးဝမ်းကျောင်းလုပ်ကိုင်ကြပါသည်။ ဖားရွှေကျော်ကျေးရွာရှိ စိုက်ပျိုးမြေများမှာလည်း မြေဩဇာ အထိုက်အလျောက်ကောင်းကြပါသည်။ ယခင်က ကျေးရွာပတ်ဝန်းကျင်တွင် သစ်တောများဖြင့် ဖုံးအုပ်ထားခဲ့သော်လည်း လူနေထူထပ်လာခြင်းနှင့် သစ်ထုတ်ယူသုံးစွဲမှုများခဲ့ခြင်းများကြောင့် သစ်တောဧရိယာမှာအလွန်နည်းသွားခဲ့ပြီဖြစ်သည်။ ယခုအခါ သစ်တောဌာနမှ သစ်တောစိုက်ခင်းဧရိယာ အနည်းငယ်ကိုပြုစုထိန်းသိမ်းထားရှိသည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ပါ။ မြေအောက်ရေရရှိအသုံးပြုမှုနည်းပါးသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက (၉၃၀)ဧက ရှိပြီး စပါး၊ ပဲဒီစိမ်းနှင့် မတ်ပဲကို အဓိက စိုက်ပျိုးကြသည်။

## ၃။ လူမှုဖွံ့ဖြိုးရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၇၈)စုနှင့်ကျား(၅၂၅)၊ မ(၅၃၄)ဦးဖြင့်လူဦးရေပေါင်း (၁၀၅၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၈)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၇၂%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်အဖြစ်ရှိကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိလူဦးရေတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေနှင့် ဆတူနီးပါးဖြစ်နေသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ အိမ်ထောင်စု (၂၇၈)စု၏ ၆၆%အထက်သည်ဆင်းရဲသည်ဟု ခံယူကြပြီး ၃၃% ကျော်မှာ ချမ်းသာနှင့် အလယ်အလတ်ရှိသည်ဟု ဆုံးဖြတ်ကြပါသည်။ အဆိုပါ ဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေ ငါးဧကအောက် ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်သမားများ (သို့) အိမ်တွင်းတနိုင်တပိုင်လုပ်ငန်းကို လုပ်ကိုင်ကြသူများဖြစ်ပါသည်။ ချမ်းသာသော မိသားစုများသည် စိုက်ပျိုးမြေ(၁၅)ဧကအထက် ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းကိရိယာများ ပိုင်ဆိုင်သောသူများဖြစ်ကြသည်။ မြေယာပိုင်ဆိုင်သူများ၏(၃၀%)သည် မြေယာ(၅)ဧကအောက် မြေယာအနည်းငယ်ပိုင်ဆိုင်သူများ ဖြစ်ကြပြီး ၇၀%ခန့် မှာ (၅)ဧက အထက်ပိုင်ဆိုင်ကြပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု(၂၇၈)စု ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြင့် ရပ်တည်သောအိမ်ထောင်စုမှာ(၁၆၈)စု ရှိကာ ယင်းမိသားစုများ၏ ဝင်ငွေတိုးတက်မှု မြင့်မားလာနိုင်ရေးကိုလည်း ရှာဖွေဖော်ထုတ်ရမည် ဖြစ်သည်။

**(ဂ) ဆင်းရဲမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများစသည်တို့တွင် အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၃၉)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၃၇%မှာ သူတပါးထံမှ ချေးငှါးပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၄၃% မှာ သူတပါးထံမှ မချေးမငှါးပဲ သုံးလခန့်စားသုံးနိုင်ကြကြောင်း၊ ၁၇%မှာ ၃ လမှ ၅ လခန့်၊ ၃% မှာ ၆ လမှ ၁၂ လခန့် သူတပါးထံမှ ချေးငှါးစရာမလိုပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံး၏ ၉၆%သည် အကြွေးငွေ ၅၀၀၀၀/-ကျပ်မှ တစ်သန်းကျပ်ထိတင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ ၃% ခန့်သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာမိသားစုဦးရေများပြားကြသည်။ အလားတူ အိမ်ထောင်ဦးစီးက ရွာပြင်ပတွင် သွားရောက်အလုပ်လုပ်နေကြသော အိမ်ထောင်စု (၄)စုနှင့် မုဆိုးဖို၊တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု (၈)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မသန်စွမ်း(၅)ဦးနှင့် မိသားစုစောင့်ရှောက်မှုနည်းသူ များဖြစ်သည့် သက်ကြီးရွယ်အို (၂၀)ဦးတို့ဖြစ်ကြသည်။ ရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေး အတွက် အလုပ်သွားရောက် လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့်ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ် ရှိတတ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပြီး ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သို့သော်သွေးလွန်တုတ်ကွေး ရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွါးမှုရှိကြောင်းတွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း အများအားဖြင့် တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်းရရှိနိုင်ကြပြီး (၁၁)ကီလိုမီတာသာကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်းလက်လှမ်းမီသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ်တကူရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များ ပြားသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်း၊ အလယ်တန်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ အထက်တန်းပညာရေးကိုရွာမှ (၄)ကီလိုမီတာခန့်ဝေးသော ကျေးရွာတွင် ကားလမ်းအတိုင်း သွားရောက်သင်ကြားနိုင်သည်။ သို့သော် သက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက်နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင် မအရေအတွက်မှာကျားအရေအတွက်ထက်ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင်နေ့တွက်လုပ်အားခ ငွေများမှာအမျိုးသားများကပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့်အင်အား စိုက်ထုတ်ရမှု တူညီ

သော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျားမ တန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျားမ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာသည် မြန်မာ့သမိုင်းတွင် ပါဝင်ခဲ့သော တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင်ဆရာစံတို့ လှုပ်ရှားဆောင်ရွက်ခဲ့သည့်ရွာဖြစ်သည်။ ကျေးရွာသားများမှာလည်း ဇာတိဂုဏ်မြင့်မားပြီးစုဖွဲ့ဆောင်ရွက်မှုအားကောင်းသည်။ ကျေးရွာရှိအသင်းအဖွဲ့အချို့သည် ဆောင်ရွက်နိုင်စွမ်းအသင့်အတင့်မြင့်မားပါသည်။ ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၅)ဖွဲ့၊ ဘာသာရေးဆိုင်ရာ (၁)ဖွဲ့နှင့် စီးပွါးရေးဆိုင်ရာ (၂)ဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ အပျိုလူပျိုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ ကျေးရွာသမဝါယမအသင်း(၂)သင်းကို မြို့နယ်သမဝါယမဦးစီးဌာနက ဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပါတ်သက်၍ အားနည်းကြပြီးအဖွဲ့အစည်းများအနေဖြင့်စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ ပဲဒီစိမ်းနှင့် မတ်ပဲကို အဓိကထား စိုက်ပျိုးကြသည်။ မိုစပါးစိုက်ဧက (၉၃၀) ရှိပြီး သီးထပ်အဖြစ် မတ်ပဲ(၆၂၀)ဧကနှင့်ပဲဒီစိမ်း(၃၁၀)ဧကကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်မှာ (၅၅)တင်း၊ မတ်ပဲနှင့်ပဲဒီစိမ်းပျမ်းမျှအထွက် (၁၀)တင်းနှုန်းတို့ရှိကြသည်။ ချေးငွေနှင့် ပါတ်သက်၍ တောင်သူအနည်းငယ်သည် ပုံစံ(၇)မရရှိသေး၍ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကိုချေးယူခွင့်မရရှိနိုင်ကြချေ။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ် မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတစ်ချို့ကိုခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကိုလိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏၂၀%ဝန်းကျင်ရှိပြီး ဒေသမှ ဝက်မျိုးများကိုမွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၃၃% ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက် ဖြစ်ပွါးတတ်သောတိရစ္ဆာန် ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကု ဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်း မလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။

ကျေးရွာတွင် ငါးမွေးမြူရန် ရေမြေနေရာ အဖြစ်အသုံးပြုနိုင်သော ကန်အဟောင်းတစ်လုံး အား ပြုပြင်မွမ်းမံပြီးစံပြငါးမွေးကန်အဖြစ် တည်ထောင်မွေးမြူရနိုင်ခြေရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်း လုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက် ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ် များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင် နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလား အလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် သက်မွေးဝမ်း ကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိ အတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျ ကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း ငွေကြေးအရင်းအနှီး မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသောအိမ်ထောင်စု အချို့သာအပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

## (ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မတ်ပဲ၊ ပဲဒီစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ် ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြု မှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။

သာယာဝတီမြို့နယ် အနောက်ခြမ်းတွင် ၂၀၁၅ မိုးတွင်းက ရေကြီးရေလွှမ်းမှု ဖြစ်ပွါးခဲ့သော်လည်း ဤကျေးရွာမှာ မြေမြင့်သောအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းလွတ်ခဲ့သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါ တစ်ရံ ကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း ၅ကျပ်တိုး၊ တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ သို့သော် ပုံစံ(၇)မတင်ပြနိုင်သောတောင်သူများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို ချေးယူခွင့်မရဖြစ်တတ်သည်။ ကျေးရွာတွင် မြို့နယ်သမဝါယမ ဦးစီးဌာနမှလာရောက်ဖွဲ့စည်းပေးသော ကျေးရွာသမဝယမအသင်း(၂)သင်း ဖွဲ့စည်းထားကာ အဖွဲ့ဝင်ပေါင်း (၇၀)ဦးရှိကာတစ်နှစ်အတိုးနှုန်း၁၈%ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ တချို့အိမ်ထောင်စုများမှာရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုးနှုန်း ၃၆% မှ ၆၀%ဖြင့်ချေးယူနိုင်ကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလွန်ကျောင်းရှိပြီး ပညာရေးကဏ္ဍအတွက် မိဘဆရာအသင်းကို ဖွဲ့စည်းထားရှိကာပညာရေးနှင့်ဆိုင်သောကိစ္စရပ်များကိုဆောင်ရွက်ခြင်း၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီမှ စာသင်ကျောင်းနှင့်ဆိုင်ရာ အခြေခံအဆောက်အဦများ၊ သင်ထောက်ကူပစ္စည်းများကဏ္ဍတွင် ဆောင်ရွက်ခြင်းတို့ ရှိပါသည်။

ကျေးရွာတွင် မူလတန်းကို ၆၀ ပေ၊ ၃၀ ပေ၊ ၁၂ ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေ အခင်းကျောင်းဆောင်နှင့် အလယ်တန်းကျောင်းဆောင်မှာ ၆၅ ပေ၊ ၄၀ ပေ၊ ၁၂ ပေရှိ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အတေအခင်းကျောင်းဆောင်တို့တွင် သင်ကြားပေးသည်။ ရွာသားအားလုံးနီးပါးမှာရေးတတ်ဖတ်တတ်ကြပြီး မူလတန်းအဆင့်ပြီးဆုံးသူရာခိုင်နှုန်းလည်း မြင့်မားသည်။ စာသင်ကျောင်းသည် ကျေးရွာထဲတွင်ရှိပြီး ကျောင်းသူ/သားများ ခြေလျင်၊ စက်ဘီးတို့ဖြင့် ကျောင်းတက်ကြသည်။ ကျောင်းတွင် ပရိဘောဂတို့လုံလောက်ပြီး မူလတန်းပြဆရာ/မ (၅)ဦးနှင့် အလယ်တန်းတွင် ဆရာ/မ (၃)ဦးတို့ရှိကြပြီး တပည့်ဆရာအချိုးသည် မူလတန်းတွင်(၁၈)၊ အလယ်တန်းတွင် (၂၃)ရှိသဖြင့် ကျောင်းဆရာ/မ အင်အား လုံလောက်မှုရှိသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်း ကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပြီး ကျန်းမာရေးမှူး(၁)ဦး၊ သားဖွားဆရာမ(၁)ဦးတို့ရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုနှင့် အလွယ်တကူလက်လှမ်းမီသည်။ သာယာဝတီမြို့သည် လျှပ်စစ်မီးရရှိသောမြို့ဖြစ်သည့်အလျောက် အအေးခန်းဖြင့်သိုလှောင်ရန် လိုအပ်သောဆေးများအတွက် ရေခဲသေတ္တာသုံးပြီး သိုလှောင်ထားနိုင်သည်။

သောက်ရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး လုံလောက်မှုရှိသည်။ သန့်ရှင်းရေးအပိုင်းမှာ ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ အိမ်ထောင်စုအားလုံး၏ ၈၀%ကျော်ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှုများနည်းပါးသည်။ ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။ သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်းရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ရွာတွင်းလမ်းများမှာ မိုးရာသီတွင် ရေဝပ်၊ ဗွက်ထတတ်သည်။ သစ်သားတံတား ၃ စင်းရှိပြီး ပြုပြင်ရန်လိုအပ်ပါသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၉၆)စီးနှင့် စက်ဘီး(၁၈၂)စီးနှင့် ထွေလာဂျီ (၆)စီး တို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။ ပင်မဓါတ်အားလိုင်းနှင့် (၅)ကီလိုမီတာခန့် ကွာဝေးနေပါသေးသည်။ ကျေးရွာတွင် အိမ်ထောင်စု(၄၆)စုက ဆိုလာစနစ်သုံးပြီး အိမ်ထောင်စု(၁၃၄)စုက ဘတ္တရီစနစ်ကိုအသုံးချကြသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင် ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီးလိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်

သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းသို့အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွါးခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊ အဟန့်အတားနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၇၂%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီးကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျေးလက် ဆေးပေးခန်းလည်းရှိကာ ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း သာယာဝတီခရိုင်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင်စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့်သင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာစပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာသည် သာယာဝတီ၊ သုံးဆယ်၊ ရန်ကုန်မြို့နှင့် အခြားများသို့ ကတ္တရာလမ်း၊ ရထားလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့်အထူးသဖြင့်ကြက်နှင့် နွားကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင် လျှပ်စစ်မီးမရှိ၍ ချက်ပြုတ်ရန် ထင်းကိုသာ အသုံးပြုရဆဲဖြစ်သည်။ ထင်းနှင့် သစ်ဥ သစ်ဖုစသည်တို့ ထုတ်ယူနိုင်သည့် အရင်းအမြစ်များ ရှားပါးလာသည်။

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်အားထုတ်မှုမရှိသေးပါ။ သုံးဆည်ရေလှောင်တမံမှ ရေသွယ်မြောင်း မှာလည်း တည်နေရာအနေအထားအလှမ်းဝေးကွာမှုကြောင့် မဖြစ်နိုင်သေးပါ။

ရာသီဥတုမှာ မိုးရွာသွန်းမှုပုံစံမမှန်ပဲ တစ်ခါတစ်ရံ မိုးခေါင်တတ်ကာ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုကိုထိခိုက်စေသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများလည်း မတ်ပဲစိုက်ခင်းများတွင်ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကိုရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပါတ်သက်၍ ထိရောက်စွာ အကောင်အထည် ဖော်ပေးသောအစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန်လိုအပ်သည်။ ချေးငွေရရှိရာ လမ်းကြောင်းတွင် ပုံစံ(၇)မရှိသည့်တောင်သူ များအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေချေးယူခွင့်မရနိုင်ကြပေ။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော ဆင်းရဲသည့်အိမ်ထောင်စုများမှာ စီးပွါး ရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက် ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေး အတွက်အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်းအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာမီးလင်းရေးနှင့် ရွာတွင်းလမ်း၊ တံတားများ ကောင်းမွန်လာခြင်းတို့မှတဆင့် လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင်ကျေးရွာတွင်စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက်စိုက်ပျိုးရေးနည်းပညာသင်တန်း၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများကတဖန်ကျေးရွာတွင်ရရှိထား သောနည်းပညာများကိုမျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာထုတ်လုပ်မှု တိုးတက်စေမည်။

(၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသောသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာရှိကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးရေး၊ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် မူကြိုကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းရေးတို့အတွက်ကြိုးပမ်းဆောင်ရွက်သွားကြမည်။ လူငယ်လူရွယ်များ လေ့လာစရာအခွင့်အလမ်းများ ပိုမိုရရှိအောင် စိတ်ဝင်စားဖွယ်ရာ ဖတ်စရာစာအုပ်များ ဖြည့်တင်းထားသည့်စာကြည့်တိုက်၊ ကွန်ပျူတာအသုံးပြုနိုင်ရေး အစီအမံများ၊

စာကြည့်တိုက်စီမံ ခန့်ခွဲမှုသင်တန်းများ၊ အခြားစာကြည့်တိုက် အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကိုလည်း ညှိနှိုင်းဆောင်ရွက် သွားကြမည်။

(၄) ကျေးရွာပိုင်အဆောက်အဦးများပိုမိုကောင်းမွန်လာစေရန် တံတားတည်ဆောက်ခြင်း၊ ရွာတွင်းလမ်းကို အဆင့်မြှင့်တင်ခြင်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေးတို့အတွက် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက် သွားကြမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့်နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီ အစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင် ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေး အတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်း ဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြ ကာ တောင်သူများအတွက်သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံ များအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေးအတွက် သက်ဆိုင်ရာဌာနက ဦးစီးဦး ရွက်ပြုသင့်ပါသည်။ နွေစပါးကဲ့သို့သီးထပ်သီးနှံများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိသုံးစွဲနိုင်ရေး

အတွက်လည်း ဆည်မြောင်းရေမရနိုင်ပါက မြေအောက်ရေထုတ်ယူသုံးစွဲနိုင်ရေးအတွက် စီစဉ်ပေးသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက်အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင်သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင် ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

### (င) ကျေးရွာမီးလင်းရေး

ကျေးရွာမီးလင်းရေးအတွက် ရွာသားများအလွန်စိတ်ဝင်စားကြသော်လည်း ပင်မဓါတ်အားလိုင်းနှင့် (၅)ကီလိုမီတာခန့် ကွာဝေးခြင်းနှင့် ငွေကြေးအားနည်းခြင်းတို့သည် ကျေးရွာမီးလင်းရေးအတွက် အဟန့်အတားအဖြစ် ရှိနေဆဲဖြစ်ပါသည်။ နိုင်ငံတော်မှ အထောက်အပံ့ကိုအထိုက်အလျောက် ရရှိနိုင်လျှင် ကျေးရွာမီးလင်းရေးအစီအစဉ် အောင်မြင်နိုင်ခြေရှိပါမည်။ ကျေးရွာတွင်လျှပ်စစ်မီးသုံးစွဲနိုင်မည်ဆိုပါက ထင်းဖိုး၊ မီးတိုင်ဖိုးတို့အတွက် ကုန်ကျစရိတ်များ လျော့နည်းသွားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုကာလူနေမှုအဆင့်အတန်း မြင့်မားလာစေပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန်ပါ ဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင်နှစ်အလိုက် ဘတ်ဂျတ်နှင့် ငွေကြေးရရှိနိုင်ရာများအပါအဝင် စီမံကိန်း၊ စီမံချက်များကို အချိန်နှင့်တပြေးညီ ဖြည့်စွက်ရေးသွင်းနိုင်ရန် လမ်းဖွင့်ပေးထားသည်။ ကျေးရွာ၏ဦးစားပေးလုပ်ငန်းများသည်သင့်တော်သောအရေးယူဆောင်ရွက်မှု လိုအပ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ပေါ်ပေါက်လာမှု၊ အတွေးအမြင်နှင့် မဟာဗျူဟာအသစ်များ ပေါ်ထွက်လာမှု၊ သဘာဝဘေးအန္တရာယ်၊ ဒေသတွင်းပဋိပက္ခ ကဲ့သို့သော အခြားအကြောင်းအရာများ ဖြစ်ပွါးမှုတို့ပေါ်မူတည်ပြီး ပြောင်းလဲမှုရှိနိုင်သည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) လုပ်ငန်းကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ အရင်းအနှီး၊ စွမ်းရည်မြှင့်တင်ရေး၊ အရင်းအနှီးနှင့်စွမ်းရည်မြှင့်တင်ရေး နှစ်ရပ်လုံး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၁။ ကျောက်ချောလမ်းခင်းခြင်း | ၁၁၇ | ၁ | ကျေးရွာတွင်းရှိမြေသားလမ်းများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီးဌာန |
| ***ပညာရေး*** | | | | | |
| | ၂။ မူကြိုကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း | ၁၀၃ | ၂ | ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် လုပ်ငန်းဖော်ဆောင်ရန် ရန်ပုံငွေနှင့် နည်းပညာအထောက်အပံ့ ရရှိနိုင်ရန် ပညာရေးဌာနနှင့် အခြားဖွံ့ဖြိုးရေးအေရင်စီများနှင့် ပူးပေါင်းဆောင်ရွက်မည်။ | – |
| ***ဘဏ်စနစ်နှင့် ငွေရေးကြေးရေးလုပ်ငန်းများ*** | | | | | |
| ချေးငွေ | ၃။ ချေးငွေများ ရရှိနိုင်စွမ်းမြှင့်တင်ပေးခြင်း၊ | ၁၀၀ | ၃ | ငွေချေးလိုသူများ လုပ်ငန်းတိုးချဲ့နိုင်ရန် အခြေခံချေးငွေစီမံခန့်ခွဲမှု၊ ချေးငွေလျှောက်လွှာပြုစုနိုင်ရန် ဆောင်ရွက်ပေးမည်။ | |
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| လျှပ်စစ်မီး | ၄။ လျှပ်စစ်မီးလင်းရေး | ၈၁ | ၄ | ကျေးရွာဖွံ့ဖြိုးရေးကော်မီတီနှင့် ဆောက်လုပ်ရေးဆပ်ကော်မီတီသည် ရန်ပုံငွေနှင့် လုပ်ငန်းအထောက်အပံ့ ရရှိနိုင်ရန် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်။ | ကျေးလက်ဦးစီးဌာန |
| ***စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ*** | | | | | |
| သင်တန်း | ၅။ သက်မွေးဝမ်းကျောင်းနည်းပညာများရရှိရေး | ၆၁ | ၅ | ဝန်ဆောင်မှုပေးသောအဖွဲ့အစည်းက အုပ်စု(သို့)မြို့နယ်တွင် ပေးမည့် သင်တန်းသို့ တက်ရောက်မည့်သူများကို ကျေးရွာဖွံ့ဖြိုးရေးကော်မီတီက ရွေးချယ်ပေးမည်။ | ကျေးလက်ဦးစီးဌာန |
| ***လူငယ်နှင့်ယဉ်ကျေးမှု*** | | | | | |

| | | | | | |
|---|---|---|---|---|---|
| | ၆။ ကျေးရွာစာကြည့်တိုက် တည်ထောင် ဖွင့်လှစ်ခြင်း | ၆၀ | ၆ | ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် လုပ်ငန်းဖော်ဆောင်ရန် ရန်ပုံငွေနှင့် နည်းပညာအထောက်အပံ့ ရရှိနိုင်ရန် ပညာရေးဌာန နှင့် အခြားဖွံ့ဖြိုးရေးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မည်။ | - |
| ***ပညာရေး*** | ၇။ ကျောင်းဆောင်ပြုပြင်မွမ်းမံခြင်း | ၅၉ | ၇ | ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် ကျောင်းဆောင်ပြုပြင်နိုင်ရန် ရန်ပုံငွေနှင့် နည်းပညာအထောက်အပံ့ ရရှိနိုင်ရန် ပညာရေး ဌာန နှင့် အခြားဖွံ့ဖြိုးရေးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မည်။ | |
| ***ကျေးရွာအဆောက်အအုံ*** | ၈။ တံတားတည်ဆောက်ခြင်း | ၅၇ | ၈ | တံတားဆောက်လုပ်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနမှ နည်းပညာနှင့် ခွင့်ပြုချက်ရရှိနိုင်ရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက် ဦးစီးဌာန |
| ***စိုက်ပျိုးရေး*** သင်တန်း | ၉။ စိုက်ပျိုးရေးနည်းပညာရရှိရေး | ၄၄ | ၉ | စိုက်ပျိုးရေးဦးစီးဌာနက ပေးမည့်သင်တန်းသို့တက်ရောက်မည့် အလားအလာရှိသည့် သင်တန်းသားများကို တောင်သူ လယ်သမားအဖွဲ့က ရွေးချယ်ပေးမည်။ | - |
| ***စီမံအုပ်ချုပ်မှု*** ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု | ၁၀။ ကျေးရွာအဖွဲ့အစည်းများခိုင်မာ တောင့်တင်းရေးနှင့်စွမ်းရည် မြှင့်တင်ရေး | ၃၈ | ၁၀ | လက်ရှိအဖွဲ့အစည်းများ၏စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုစွမ်းဆောင် ရည်များကို တည်ဆောက်မည်၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင် ရေးအတွက် မြို့နယ်နှင့် ပြင်ပအထောက်အပံ့များ ရရှိအောင် ဆောင်ရွက်မည်။ | – |
| **မွေးမြူရေး** | ၁၁။ မွေးမြူရေးနည်းပညာရရှိရေး | ၃၇ | ၁၁ | မွေးကုဦးစီးဌာနက ပေးမည့်သင်တန်းသို့တက်ရောက်မည့် အလားအလာရှိသည့် သင်တန်းသားများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီက ရွေးချယ်ပေးမည်။ | – |
| | ၁၂။ ငါးမွေးမြူရေးကန် တူးဖော်ခြင်း | ၂၂ | ၁၂ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ငါးလုပ်ငန်းဦးစီး ဌာနတို့နှင့်ပူး ပေါင်း ပြီး ရန်ပုံငွေနှင့်လုပ်ငန်းတို့အတွက် ဆောင်ရွက်သွားမည်။ | - |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာကျောက်ချောလမ်းခင်းခြင်း | ၁ | – | – | | | |
| ၂။ မူကြိုကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း | ၂ | | | | | |
| ၃။ ချေးငွေရရှိနိုင်စွမ်း မြှင့်တင်ပေးခြင်း၊ | ၃ | | – | | | |
| ၄။ ကျေးရွာလျှပ်စစ်မီးလင်းရေး | ၄ | – | – | | | |
| ၅။ သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများရရှိနိုင်ရေး၊ | ၅ | | – | | – | |
| ၆။ ကျေးရွာစာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ခြင်း | ၆ | | – | | – | |
| ၇။ ကျောင်းဆောင်ပြုပြင်မွမ်းမံခြင်း | ၇ | | – | – | – | – |
| ၈။ တံတားတည်ဆောက်ခြင်း | ၈ | | – | | – | |
| ၉။ စိုက်ပျိုးရေးနည်းပညာသင်တန်းရရှိရေး | ၉ | – | – | | | |
| ၁၀။အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းရရှိရေး | ၁၀ | | – | | | |
| ၁၁။ မွေးမြူရေးနည်းပညသင်န်းရရှိရေး | ၁၁ | | | | | |
| ၁၂။ စံပြငါးမွေးမြူရေးကန်တူးဖော်ခြင်း | ၁၂ | | | | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များ အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု

၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် — ငွေလုံးငွေရင်းအသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် — စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းဆိုင်ရာထောက်ပံ့မှု |
| ၁ | ကျေးရွာကျောက်ချောလမ်းခင်းခြင်း | | | √ | | |
| ၂ | မူကြိုကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း | | | √ | | |
| ၃ | ချေးငွေရရှိနိုင်စွမ်း မြှင့်တင်ပေးခြင်း၊ | | | √ | | |
| ၄ | ကျေးရွာလျှပ်စစ်မီးလင်းရေး | | | √ | | |
| ၅ | သက်မွေးဝမ်းကျောင်းနည်းပညာ သင်တန်းများ ရရှိနိုင်ရေး၊ | | | | √ | |
| ၆ | ကျေးရွာစာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ခြင်း | | | √ | | |
| ၇ | ကျောင်းဆောင်ပြုပြင်မွမ်းမံခြင်း | | | √ | | |
| ၈ | တံတားတည်ဆောက်ခြင်း | | | √ | | |
| ၉ | စိုက်ပျိုးရေးနည်းပညာသင်တန်း ရရှိရေး | | | | √ | |
| ၁၀ | အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့် တင်ရေးသင်တန်းရရှိရေး | | | | √ | |
| ၁၁ | မွေးမြူရေးနည်းပညာသင်တန်း ရရှိရေး | | | | √ | |
| ၁၂ | စံပြငါးမွေးမြူရေးကန်တူးဖော်ခြင်း | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီ

အသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်;ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည်

စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေး ထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊

သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။ နှစ်ပတ်လည် သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) ကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | – | ၇ | ၇ | ၀.၇% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၃၀ | ၂၂ | ၅၂ | ၄.၉% | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၂၈ | ၂၅ | ၅၃ | ၅.၀% | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၅၉ | ၆၇ | ၁၂၆ | ၁၁.၉% | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၃၈၁ | ၃၇၈ | ၇၅၉ | ၇၁.၇% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၂၇ | ၃၅ | ၆၂ | ၅.၉% | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၅၂၅** | **၅၃၄** | **၁၀၅၉** | **၁၀၀.၀%** | |
| **အိမ်ထောင်စုပေါင်း = ၂၇၈** | | | | **တစ်အိမ်ထောင်လူဦးရေ = ၃.၈** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

### တွေ့ရှိချက်

ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် လူဦးရေရာခိုင်နှုန်းမြင့်မားပြီး လူသားအရင်းအမြစ်ကောင်း တစ်ခုဖြစ်ကာ လူငယ်လူရွယ်များကို သင်တန်းများတက်ရောက်ကာ ကျွမ်းကျင်မှုရရှိစေခြင်းဖြင့် ဒေသနှင့် အနီးအနားရှိဈေးကွက်များတွင် ပါဝင်စေနိုင်မည်။ တစ်အိမ်ထောင် ပျမ်းမျှလူဦးရေမှာ ၃.၈ ဦးသာရှိပြီး နိုင်ငံတော်၏ကျေးလက်အိမ်ထောင်စု ပျမ်းမျှ ကိန်းကဏန်းဖြစ်သော ၅ ဦး ထက် ပိုမိုလျော့နည်းသည်။

### (၁.၂) လုပ်သားအင်အား

ဇယား(၂) လုပ်သားအင်အား နှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ***စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁၀၂ | ၃၆.၇% | | လယ်သမားဦးရေ အသင့် အတင့်ရှိပြီးဆည်ရေမရနိုင်သဖြင့် မိုးစပါးကို သာစိုက်ပျိုးနိုင်ကြသည်။ ဆောင်းသီးနှံ |

| | | | | | |
|---|---|---|---|---|---|
| | | | | | အဖြစ် မတ်ပဲကို စိုက်ပျိုးကြသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၉၇ | ၃၄.၉% | | စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအားဖြင့် ပါဝင်ဆောင်ရွက်ကြပြီး စိုက်ပျိုးရိတ်သိမ်းကာလအလွန်တွင် ကျပန်းအလုပ်များမှ ဝင်ငွေရှာဖွေကြသည်။ |
| | • မိသားစုဝင်လုပ်အား | – | – | – | မိသားစုဝင်အချို့က စိုက်ပျိုးရေးလုပ်ငန်းခွင် များတွင် တတ်နိုင်သည့်ဘက်က ပါဝင်ကူ ညီဆောင်ရွက်တတ်ကြပြီး ဤ အချက်အလက်နှင့်ပါတ်သက်ပြီး ကိန်းဂဏန်းစာရင်း မကောက်ယူခဲ့ပါ။ |
| ၂ | ***တိရစ္ဆာန်မွေးမြူရေး*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၈ | ၂.၉% | | ဝက်မွေးမြူသည့် အလုပ်ဖြင့် အဓိကဝင်ငွေရှာဖွေကြသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | |
| | • မိသားစုဝင်လုပ်အား | – | – | – | |
| ၃ | ***ငါးဖမ်းလုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | – | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | |
| | • မိသားစုဝင်လုပ်အား | – | – | – | |
| ၄ | ***သစ်တောထွက်ပစ္စည်း လုပ်ငန်း၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | – | |
| | • လုပ်သား(အငှား၊ဝန်ထမ်း) | – | – | – | |
| | • မိသားစုဝင်လုပ်အား | – | – | – | |
| ၅ | ***ထုတ်ကုန်လုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | – | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | |
| | • နေစားလုပ်သား | – | – | – | |
| ၆ | ***လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေဖြန့်ဝေရေးလုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | – | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | |

| | | | | | |
|---|---|---|---|---|---|
| | • မိသားစုဝင်လုပ်အား | – | – | – | |
| ၇ | ***ဆောက်လုပ်ရေးလုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၃.၆% | – | ရွာတွင်းတွင် အဓိက အလုပ်လုပ်ရပြီး ရွာပြင်ပတွင်လည်း အလျဉ်းသင့်သလို လုပ်ရပါသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၈ | ***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၄ | ၁.၄% | – | ဆိုင်ကယ်ပြင်ဆိုင် –၃ ဆိုင်ရှိပြီး စက်ပြင် (၁)ဦးရှိသည်။ ယခု နောက်ပိုင်းတွင် ကျေးရွာ များ၌ ကျေးရွာအတွင်း မော်တော်ဆိုင်ကယ် အသုံးပြုသူများပြားလာသဖြင့် အသင့်အတင့် အလုပ်ဖြစ်ကြသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | |
| | • မိသားစုဝင်လုပ်အား | – | – | – | |
| ၉ | ***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၃.၆% | | အပ်ချုပ်သူများဖြစ်ပြီး အဓိက အားဖြင့် ကျေးရွာအတွင်းမှ အလုပ်အပ်နှံမှုအသင့်အတင့် ရရှိ ကြသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၀ | ***လက်လီ-လက်ကား ရောင်းဝယ်ရေး*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၉ | ၃.၂% | | လက်လီဆိုင် များတွင် ကုန်မျိုးစုံ၊ စားကုန်၊ ကွမ်းယာဆိုင်စသည်တို့ ပါဝင်သည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | | |

| | | | | |
|---|---|---|---|---|
| | • မိသားစုဝင်လုပ်အား | – | – | |
| ၁၁ | ***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၂ | ***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁၁ | ၄% | ထွေလာဂျီနှင့် ဆိုင်ကယ်တက္ကစီ မောင်းသူများဖြစ်ကြပြီး အဓိက အားဖြင့် သာယာဝတီနှင့် ကျေး ရွာအကြား ပြေးဆွဲကြသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၃ | ***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၄ | ***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆ | ၂.၂% | တပ်– ၄ ဦး၊ ရဲ –၁ ဦး၊ မီးသတ် ၁ ဦး။ |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၆ | ***ပညာရေး*** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၁.၈% | ကျောင်းဆရာမ–၅ ဦး၊ |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၇ | ***ကျန်းမာရေး*** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |

| | | | | |
|---|---|---|---|---|
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၁.၄% | သူနာပြု ၄ ဦး |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၈ | ***လူမှုရေး လုပ်ငန်းများ*** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| ၁၉ | ***အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)*** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၄ | ၁.၄% | အသံချဲ့စက်ငှါးရမ်း ၂ ဦး၊ ဗီစီဒီခွေငှါး ၂ ဦး။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၈ | ၂.၉% | ထိုင်းနိုင်ငံနှင့် ကျေးရွာပြင်ပ အခြားဒေသတို့သို့ သွားရောက်လုပ်ကိုင်ကြသည် ။ |
| | • မိသားစုဝင်လုပ်အား | | | |
| ၂၀ | ***ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ*** | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | |
| | • မိသားစုဝင်လုပ်အား | | | |
| | **စုစုပေါင်း** | **၂၇၈** | **၁၀၀%** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

## (၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

### (၁.၃.၁) ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ ( မြေအသုံးချမှု)

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)** | **ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက)** |
|---|---|---|---|---|
| လယ်မြေ | ၉၃၀ | သင့် | ဆည်ရေမရနိုင်ပါ။ | – |
| ယာမြေ | ၈ | – | - | - |
| ဥယျာဉ်ခြံမြေ | _ | – | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | ၁ | - | - | - |
| **စုစုပေါင်း** | ၆၃၉ | – | - | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

## (၁.၃.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | သင့် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (န္စားစာ၊ ဆေးဘက်ဝင်အပင်များ) | မြင်းခွာရွက် ထိကရုန်း၊ | လွယ် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊၈ လ၊ ၂၀၁၅ နှစ်)

## (၁.၄) ဉစ္စာဓနအဆင့်အနေအထား

ဇယား (၅) ဉစ္စာဓနအဆင့်အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကနှင့် အထက် | ၅-၁၀ ဧကကြား | ၅ဧကအောက် | မပိုင် |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| အိမ်အခြေအနေ | တိုက်၊နှစ်ထပ်၊ သစ်သားခင်း၊ သစ်သားကာ၊ သွပ်မိုး | သစ်သားခင်း၊ သစ်သားကာ၊ သွပ်မိုး | သစ်သားခင်း၊ ဝါးထရံကာ၊ သွပ်မိုး၊ သက်ကယ်မိုး | ကြမ်းခင်း၊ ဝါးထရံကာ၊ သက်ကယ်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက်၊ ထွေလာဂျီ၊ ခြွေလှည့်စက်၊ ရေစုပ်စက်၊ ခိုင်းကျွဲခိုင်းနွား | လက်တွန်း ထွန် စက်၊ ရေစုပ်စက်၊ နွားလှည်း | နွားလှည်း၊ ခိုင်းနွား | မပိုင် |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | - | - | - | - |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ | အရောင်းအဝယ် ငွေတိုးချေးစားသူ | ဆန်စက်အသေး၊ ဈေးရောင်း၊ | ကျပန်းအလုပ် | ကျပန်းအလုပ် |
| အခြားပိုင်ဆိုင်မှု | ဆိုလာ၊ ဖုန်း၊တီဗီ၊ မော်တော်ဆိုင်ကယ်၊ ရွှေထည် | ဖုန်း၊ဆိုလာ၊ တီဗီ၊ မော်တော်ဆိုင်ကယ်၊ ရွှေထည် | ဖုန်း၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး | စက်ဘီး |
| **စုစုပေါင်း ၂၇၈** | ၁၈<br>၆.၅% | ၇၆<br>၂၇.၃% | ၁၂၆<br>၄၅.၃% | ၅၈<br>၂၀.၉% |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဆင်းရဲအိမ်ထောင်စုနှင့် အလွန်ဆင်းရဲအိမ်ထောင်စုပေါင်း၏ ၃၀% ဖြစ်သော ဆင်းရဲအိမ်ထောင်စု(၃၉)စုနှင့် အလွန်ဆင်းရဲအိမ်ထောင်စု (၁၅)အိမ်ထောင်စုတို့ကို တွေ့ဆုံဆန်းစစ်မှုအရ ၃၇% ဖြစ်သော အိမ်ထောင်စု(၂၀)စုသည် သူတပါးထံမှ လစဉ်ချေးငှါးပြီးမှ နပ်မှန်စားသောက်နိုင်ကြောင်း တွေ့ရှိရပါသည်။

ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၃၉)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၃၇%မှာ သူတပါးထံမှ ချေးငှါးပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ တွေ့ရှိရသည်။ ကျန်အိမ်ထောင်စုများမှာ အောက်ပါဇယားအတိုင်းဖြစ်သည်။

ဇယား (၆) ကျေးရွာ၏ ဂမ်းစာဖူလုံမှုအခြေအနေ

| ကာလ | အိမ်ထောင်စု အရေအတွက် | % | ဖြေရှင်းကျော်လွှားပုံ |
|---|---|---|---|
| ၃ လအောက် | ၂၃ | ၄၃% | လုပ်အားကြိုတင်ရောင်းပြီး ငွေရယူကာ ရိက္ခာဝယ်ယူရသည်။ |
| ၃ လမှ ၆ လ | ၉ | ၁၇% | လုပ်အားကြိုတင်ရောင်းပြီး ငွေရယူကာ ရိက္ခာဝယ်ယူရသည်။ |
| ၆ လမှ ၁၂ လ | ၂ | ၃% | ရိက္ခာအတွက်ငွေချေးကာအလုပ်ထဲမှ(သို့)မွေးမြူရေး တိရစ္ဆာန်ရောင်းချရသည့်ဝင်ငွေရလျှင်ရချင်း ပြန်လည်ပေးဆပ်ကြသည်။ |

အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံး၏ ၉၆%သည် အကြွေးငွေ ၅၀၀၀၀/-ကျပ်မှ တစ်သန်းကျပ်ထိ တင်ရှိနေကြပြီး ၄%မှာ ကြွေးမြီကင်းလွတ်ကြသည်။ ၈၃%သောအိမ်ထောင်စုများမှာ အကြွေးငွေ ငါးသိန်းကျပ်အောက်တွင် ချေးထားကြပြီး ၁၇%မှာ အကြွေးငွေ ငါးသိန်းကျပ်အထက်တွင် ရှိနေကြသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့်အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၇ | ၁၄ | ၂၁ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ | ၄ | ၁ | ၅ |
| | | အိမ်ထောင်စုအရေအတွက် | | |
| အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၇ | |
| အမျိုးသားမုဆိုးဖိုဦးဆောင်သော အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၈ | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ | | ၄ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | တစ်ချို့ဆင်းရဲ အိမ်ထောင်စုများသည် လုပ်အားကို ကြိုတင်ရောင်းရပြီး စားနပ်ရိက္ခာမလုံလောက်မှုရှိတတ်သည်။ |

| | | | |
|---|---|---|---|
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ...) | လတ် | လယ်ယာမြေထပ်မံမတိုးချဲ့နိုင်ပဲ အကန့်အသတ်ရှိသည်။ ဆည်ရေသွင်း စိုက်ပျိုးရန်လည်း ဆည်တည်ရှိရာနှင့် ဝေးသဖြင့် အခက်အခဲရှိသည်။ |
| ၃ | ရေကြီးခြင်း | နိမ့် | မိုးတွင်းဇူလိုင်၊ ဩဂုတ်လတွင် တခါတရံ ကြုံတွေ့ရတတ်သည်။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မိုးဦး၊မိုးနှောင်းကာလများတွင် တခါတရံ ကြုံတွေ့ရတတ်သည်။ |
| ၅ | မုန်တိုင်း | နိမ့် | မုန်တိုင်းတိုက်ခတ်မှုအလွန်နည်းပါးသည်။ |
| ၆ | ငလျင် | နိမ့် | ကြီးမားသောထိခိုက်ခံစားရမှုမရှိသေးပါ။ |
| ၇ | မီးဘေး | နိမ့် | ဖြစ်ပွါးမှုအလွန်နည်းပါးသည်။ |
| ၈ | ဆားငံရေဝင်မြေ | - | - |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | - | - |
| ၁၀ | သစ်တောပြုန်းတီးခြင်း | နိမ့် | ကျွန်းစိုက်ခင်း၁ ဧကကို လွန်ခဲ့သော ၄ နှစ်က စိုက်ပျိုးထားသည်။ |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | ရောဂါဖြစ်ပွါးမှုနည်းပါးသည်။ |
| ၁၂ | သွေးလွန်တုတ်ကွေးရောဂါ | လတ် | ယခုနှစ်ပိုင်းတွင်ရောဂါဖြစ်ပွါးမှု မြင့်တက်လာသည်။ |
| ၁၃ | တီဘီရောဂါ | နိမ့် | ရပ်သူရွာသားများသည် တီဘီရောဂါရပ်ဆိုင်ရာ အသိအမြင်များ ကြွယ်ဝလာကြကာ ကျန်းမာရေးအလေ့အကျင့်ကောင်းများကို မွေးမြူတတ်မှု မြင့်မားလာပြီး ရောဂါ ဖြစ်ပွါးမှု နည်းပါးလာသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | ရောဂါရပ်ဆိုင်ရာ အသိအမြင်များ ကြွယ်ဝလာကြကာရောဂါဖြစ်ပွါးမှုလျော့နည်းလာသည်။ |
| ၁၅ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ(IDP) | - | - |
| ၁၆ | လူကုန်ကူးခြင်း | နိမ့် | အိမ်ထောင်စုအနည်းငယ်သည်အခြားဒေသများသို့ သွားရောက်လုပ်ကိုင် ကြသော်လည်း လူကုန်ကူးခံရမှုနည်းသည်။ |
| ၁၇ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | နိမ့် | ကျေးရွာ သည် သာယာဝတီသို့ ကားလမ်းဖြင့်ဆက်သွယ်ထားရှိကာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ |
| ၁၈ | အခြား | - | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

## (၁.၅.၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | လူငယ်လူရွယ်များသည် နေရပ်မှ ထွက်ခွါပြီးတစ်နယ်တစ်ကျေးသို့ သွားရောက်လုပ်ကိုင်ကြကာ လိင်မှတဆင့် ကူးစက်ရောဂါ၊ အရက်စွဲမှုတို့ ရှိတတ်သည်။ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | လတ် | အလုပ်ပုံမှန်မရရှိကြခြင်းကြောင့် ဝမ်းစာမဖူ လုံမှု ကြုံရတတ်သည်။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | သဘာဝဘေးဒါဏ်၊ ပိုးမွှားရောဂါကျရောက်မှု၊ တိရစ္ဆာန်ရောဂါဖြစ်ပွါးမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ ကြုံတွေ့ရပါက ဝမ်းစာမဖူလုံမှုရင်ဆိုင်ရတတ်သည်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ | နိမ့် | ယခုနှစ်ရေကြီးနစ်မြုပ်မှုကို မြို့နယ်၏ အနိမ့်ပိုင်းရှိကျေးရွာများ ရင်ဆိုင်ပျက်စီးမှုရှိခဲ့သော်လည်း၎င်း ကျေးရွာမှာကင်းလွတ် ခဲ့သည်။ |
| ၅ | မြစ်ကမ်းဘေးနေလူထု | – | ကုန်းတွင်းရှိကျေးရွာဖြစ်သည်။ |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | နိမ့် | သာယာဝတီ အဝေးပြေးလမ်းမှခွဲပြီး ကတ္တရာလမ်းခင်းထားသော်လည်း ယာဉ်အသွားအလာနည်းပါး၍ဖြစ်ပွါးမှုနည်းပါးသည်။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | – | မရှိ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | – | မရှိ။ |
| ၉ | ငါးကန်ပိုင်ရှင် | – | မရှိ။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | သီးနှံစိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်ရတတ်ကြပြီး ကျန်ရာသီများ တွင်အလုပ်ပုံမှန်မရှိခြင်းကြောင့် ဝမ်းစာမဖူလုံမှုကို ရင်ဆိုင်ရ တတ်သည်။ |
| ၁၁ | လူနည်းစုလူမျိုးများ | – | မရှိ။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | – | မရှိ။ |
| ၁၃ | နယ်စပ်ဒေသ | – | မရှိ။ |
| ၁၄ | ရွှေတွင်းလုပ်သား | – | မရှိ။ |
| ၁၅ | ဆေးစွဲသူများ | – | မရှိ။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | – | မရှိ။ |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | ဝမ်းစာမဖူလုံမှုကို တခါတရံရင်ဆိုင်ရတတ်သည်။ |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | နိုင်ငံရပ်ခြားတွင် အလုပ်သွား လုပ်ကြသူများအနေဖြင့်အနိုင်ကျင့်ခံရမှု ရင်ဆိုင်ရတတ်သည်။ |
| ၁၉ | ကားသမား | – | မရှိ။ |
| ၂၀ | အခြား | – | မရှိ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

## ၂။ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန်များစွာ အထောက် အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင် ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသောမူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာ ဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | အမျိုးသမီးရေးရာအဖွဲ့ | ၂ | - | ၂၀ | ၂၀ | အမျိုးသမီးအခွင့်အရေး | ၅ | ၇ |
| ၂ | မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ | ၂ | - | ၈ | ၈ | ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးကျန်းမာ ရေး | ၅ | ၇ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃ | ကျောင်းဂေါပက | ၃ | ၅ | - | ၅ | ဘာသာရေး | ၄ | ၆ |
| ၄ | လူငယ်အဖွဲ့ | ၂ | ၂၅ | ၂၅ | ၅၀ | လူမှုရေး | ၄ | ၆ |
| ၅ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၂ | ၂၀ | ၁၅ | ၃၅ | ကျောင်းရပ်ပိုင်းဆိုင်ရာပြုထိန်းခြင်း၊ | ၄ | ၆ |
| ၆ | မိဘဆရာအသင်း | ၂ | ၁၀ | ၉ | ၁၉ | ကျောင်းသားပညာရေးဖွံ့ဖြိုးတိုးတက်ရန် | ၅ | ၆ |
| ၇ | ရွှေကျော်မြေကျေးရွာသမအသင်း | ၁ | ၃၀ | ၁၀ | ၄၀ | ချေးငွေလည်ပတ်ရေး | ၄ | ၇ |
| ၈ | ရွှေကျော်ကျော်ကျေးရွာသမအသင်း | ၁ | ၂၅ | ၅ | ၃၀ | ချေးငွေလည်ပတ်ရေး | ၄ | ၇ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ | ၅ | မြို့နယ်အဆင့် အမျိုးသမီးရေးရာများ |
| ၂ | မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ | ၅ | မြို့နယ်အဆင့်မိခင်နှင့် ကလေးစောင့်ရှောက်ရေး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

**မှတ်ချက်**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူ့မှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၇၆ | ၆၃.၃% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၄ | ၁.၅% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကထိ(၂ ဟတ်တာထိ) | ၂၇ | ၉.၇% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား ( ၅ဟတ်တာထိ) | ၄၉ | ၁၇.၆% | အလယ်အလတ်စားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၅ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်) | ၂၂ | ၇.၉% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၂၇၈ | ၁၀၀% | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - |
| ၄ | ဆည်မြောင်း | - | - | - |
| ၅ | အဝီစိတွင်း | - | - | - |
| ၆ | လက်ငင် ရေတွင်း | - | - | - |
| ၇ | စိမ့်စမ်းရေ | - | - | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ ကျေးရွာတွင် ရေသွယ်မြောင်းဖောက်မထားခြင်းကြောင့် ရေသွင်းစိုက်ပျိုးရန် မဖြစ်နိုင်ပါ။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | သီးနှံ စိုက်ပျိုးသည့်ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| မိုးစပါး | ၉၃၀ | တင်း | ၄၀ | ၇၀ | ၅၅ | ဇွန်၊ ဇူလိုင် | လတ် | လတ် | |
| မတ်ပဲ | ၆၁၀ | တင်း | ၆ | ၁၅ | ၁၀.၅ | နိုဝင်ဘာ- | မြင့် | မြင့် | သီးထပ် |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | မတ် | | | |
| ပဲဒီစိမ်း | ၃၂၀ | တင်း | ၆ | ၁၅ | ၁၀.၅ | နိုဝင်ဘာ-မတ် | မြင့် | မြင့် | သီးထပ် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

မိုးစပါးစိုက်ပျိုးရာတွင် အထွက်နှုန်းများမှာ အသင့်အတင့်ထွက်ရှိကာ အကျိုးအမြတ်အနေဖြင့် အလယ်အလတ်သည်။ နွေစပါးကို ဆည်ရေမရသဖြင့် မစိုက်ပျိုးနိုင်ကြချေ။ မတ်ပဲနှင့် ပဲဒီစိမ်းကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပြီး သွင်းအားစုလိုအပ်ချက် မြင့်မားသလို အကျိုးအမြတ်ရရှိနိုင်မှုလည်း မြင့်မားသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | – | - | |
| ရိတ်သိမ်းစက် | - | - | - |
| လက်တွန်းထွန်စက် | ၃၂ | - | တစ်ဧကလျှင် ၁ လွှာထွန်ယက်မှုအတွက် ၁၂၀၀၀/– ကျပ်၊ အပြီးအစီးထွန်ယက်မှုအတွက် ၃၀၀၀၀/– ကျပ် ပေးပြီး ငှါးရမ်းနိုင်သည်။ |
| ရိတ်ခြွေစက် | ၆ | - | စပါးခြွေလှည့်ရန် တစ်တင်းထွက်လျှင် ၂၀၀ ကျပ်၊ ပဲခြွေလှည့်ရန် တစ်တင်းထွက်လျှင် ၄၀၀ ကျပ် ပေးရသည်။ |
| ရေစုပ်စက် | ၁၄ | - | ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် ရေသွင်းစိုက်ပျိုးရန် အသုံးပြုကြပါသည်။ |
| ခြေနင်းရေတင်စက် | - | - | - |
| မျိုးစေ့ချစက် | - | - | - |
| မြက်ရိတ်စက် | ၁၂ | - | မတ်ပဲနှင့် ပဲဒီစိမ်း မစိုက်ပျိုးမီ လယ်ကန်သင်းဘောင်များပေါ်ရှိ မြက်များကို ခုတ်ဖြတ်ရှင်းလင်းရန် သုံးစွဲကြသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ လယ်ယာသုံးစက်ကရိယာများတွင် လက်တွန်းထွန်စက်မှာ ကာလပေါက်စျေး ကျပ်သိန်းနှစ်ဆယ်ခန့်ရှိပြီး ငါးရမ်းသုံးစွဲသူများအနေဖြင့် တစ်ဧကလျှင် ငါးရမ်းခအများဆုံး (၃၀၀၀၀)ကျပ်သာပေးရသဖြင့် စျေးနှုန်း သင့်မြတ်ပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ဩဇာ) | မရှိ | စိုက်ပျိုးမြေကောင်းမွန်သော်လည်း တိုးချဲ့ရန်မြေအလုံလောက်မရှိ။ |
| ရေအရင်းအမြစ် | ရှိ | မိုးရေကို အဓိကမှီခိုအားထားပြီး ဆောင်းရာသီတွင် တချို့နေရာမှ ရေစုပ်စက်ကို အသုံးပြုရေသွင်းစိုက်ပျိုးကြသည်။ |
| သဘာဝမြေဆွေး၊ | – | |
| ဩဂဲနစ်ပိုးသတ်ဆေး | – | |
| ချေးငွေရရှိမှု | ရှိ | တချို့တောင်သူများမှာ လက်တွန်းထွန်စက် ငါးရမ်းခကို အကြွေးထားပြီး စပါးပေါ်ချိန်တွင် ပြန်ပေးနိုင်သည်။ |
| သွင်းအားစုစျေးကွက် | ရှိ | သာယာဝတီနှင့် သုံးဆယ်မြို့များရှိ ဆိုင်များတွင် စိုက်ပျိုးရေးသွင်းအားစုများကို အလွယ်တကူ ရရှိနိုင်သည်။ တချို့စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်း ဖြန့်ဖြူးရေး ကုမ္ပဏီများက သာယာဝတီ၊ သုံးဆယ်နှင့် ရွာကြီးများရှိ စျေးဆိုင်များတွင် ဖြန့်ဖြူးရောင်းချကြသည်။ |
| ဝန်ဆောင်မှုစျေးကွက် | ရှိ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ဆောင်မှုရရှိနိုင်သည်။ တချို့ကုမ္ပဏီများလည်းမိမိတို့၏ဖောက်သည်များအတွက် ဝန်ဆောင်ပေးမှုရှိတတ်သည်။ |
| ထုတ်လုပ်မှုစျေးကွက်နှင့်ကုန်သွယ်မှု | ရှိ | တောင်သူများသည် လယ်ယာထွက်ကုန်များကို သာယာဝတီ၊ သုံးဆယ်ရှိ ပွဲစားများထံတွင်အလွယ်တကူရောင်းချနိုင်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | မြေလွတ်မြေရိုင်းများ မကျန်ရှိတော့ပဲ မြေယာထပ်မံ |

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| | | တိုးရန် အခြေအနေမပေးတော့ပါ။ လက်ရှိမြေယာများကိုသာ အထွက်နှုန်းတိုးမြင့်အောင် ကြိုးစားအားထုတ်ကြရပါတော့သည်။ |
| ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု | ရှိ | သက်သာသောအတိုးနှုန်းဖြင့် ချေးငွေလိုသလောက်မရနိုင်ကြပါ။ တောင်သူအချို့သည် စိုက်ဘဏ်မှချေးငွေရာတွင် ပုံစံ(၇)မပြည့်စုံသည့် ကိစ္စကြုံရတတ်ကာငွေချေးမရဖြစ်တတ်သည်။ |
| သွင်းအားစုတတ်နိုင်မှု | မရှိ | သွင်းအားစုများကိုမူ ဈေးကွက်တွင် အလွယ်တကူရနိုင်သည်။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | လယ်ယာလုပ်သားရှားပါးပြတ်လပ်မှုကို လယ်သမားများ ရင်ဆိုင်ရတတ်သည်။ အလုပ်သမားခကြီးမြင့်မှုကြောင့် ထုတ်လုပ်မှုစရိတ်မြင့်တက်သည်။ |
| မိုးရေမလုံလောက်မှု | ရှိ | မိုးရွာသွန်းခြင်းမညီမျှမှုကို ရင်ဆိုင်ရတတ်သည်။ |
| စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု | မရှိ | ဈေးကွက်တွင် စိုက်ပျိုးရေးသွင်းအားစုများကို အလွယ်တကူရရှိနိုင်သော်လည်း တောင်သူများမှာ အရင်းအနှီးမလုံလောက်မှုကြောင့် အချိန်မီ အသုံးမပြုနိုင်မှု ရှိတတ်သည်။ |
| ဖျက်ပိုးနှင့်ရောဂါ | မရှိ | ကြီးမားသောဖျက်ပိုးပြဿနာ မရှိသေးပါ။ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှ နည်းပညာဝန်ဆောင်မှုရနိုင်သော်လည်း မလုံလောက်ပါ။ |
| ဈေးကွက်လက်လှမ်းမှီမှု | မရှိ | ဈေးကွက်ကို အလွယ်တကူ လက်လှမ်းမှီသည်။ |
| အစိုးရမူဝါဒနှင့် အစီအစဉ် | ရှိ | စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို အစိုးရ (သို့) ပုဂ္ဂလိက ကုမ္ပဏီများက တောင်သူများအတွက် သက်သာသောနှုန်းထားဖြင့်ငှါးရမ်းနိုင်ရေးစီစဉ်ချမှတ်သင့်သည်။ |
| အခြား(၁) | | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၄ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

### (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ (အိမ်ထောင်စု)

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
